## နေအိမ်၊ အဆောက်အအုံ ၅၈၀ ကျော် ချိပ်ပိတ်သိမ်းဆည်းခံခဲ့ရ

(၂၀၂၂ ခုနှစ်၊ မေ ၂၀ ရက်အထိဖြစ်သည်)




ISP-Myanmar က ပြုစုခဲ့သော မှတ်တမ်းများအရ စစ်အာဏာသိမ်းပြီးနောက်ပိုင်း ၂၀၂၂ ခုနှစ်၊ မေ ၂၀ ရက်အထိ စစ်အာဏာရှင်ဆန့်ကျင်ရေး လှုပ်ရှားမှုများနှင့် ဆက်စပ်ပြီး နေအိမ်နှင့် အဆောက်အအုံ **၅၈၆ လုံး** ထက်မနည်းကို စစ်ကောင်စီက ချိပ်ပိတ်သိမ်းဆည်းခဲ့ကြောင်း တွေ့ရသည်။ အမျိုးသားညီညွတ်ရေးအစိုးရ (NUG) က ပြည်သူ့ခုခံတွန်းလှန်စစ် စတင်ရန် ကြေညာခဲ့သော ၂၀၂၁ ခုနှစ်၊ စက်တင်ဘာ ၇ ရက်နောက်ပိုင်းမှ စတင်ကာ နေအိမ်နှင့် အဆောက်အအုံ ချိပ်ပိတ်သိမ်းဆည်းမှုများကို စစ်ကောင်စီက ပိုမိုလုပ်ဆောင်လာခဲ့သည်။ အသံတိတ်သပိတ် ပြုလုပ်ရန် လှုံ့ဆော်ပါက နေအိမ်ချိပ်ပိတ်သည်အထိ အရေးယူမည်ဟု ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီ ၂၅ ရက်တွင် စစ်ကောင်စီက ထုတ်ပြန်ခဲ့သည့်အချိန်မှစ၍ မေ ၂၀ ရက်အထိ စုစုပေါင်း **၂၁၂ လုံး** သိမ်းဆည်းခဲ့သည်။

ရည်ညွှန်း - မီဒီယာများနှင့် လွတ်လပ်သောအဖွဲ့အစည်းများ၏ ဖော်ပြချက်များကို အခြေပြု၍ ပြုစုထားခြင်းဖြစ်သည်။ မြေပြင်အခြေအနေတွင် ယခုထက်ပိုမိုများပြားနိုင်ပါသည်။

www.ISPMyanmar.com

# ISP DATA MATTERS

27 May 2022

## HUMAN RIGHTS VIOLATIONS

အလေးထားရမည့် ဒေတာအချက်အလက်များ **အမှတ်-၂၁**

### စစ်ကိုင်းတိုင်းတွင် နေအိမ်၊ အဆောက်အအုံ အများဆုံးသိမ်းဆည်းခံခဲ့ရ



စစ်ကိုင်းတိုင်း၊ ရွှေဘိုမြို့နယ်တွင် နေအိမ်၊ အဆောက်အအုံ ၂၇ လုံး သိမ်းဆည်းခံခဲ့ရပြီး ဒုတိယအများဆုံး ချိပ်ပိတ်သိမ်းဆည်းခံခဲ့ရသော မြို့နယ်ဖြစ်သည်။

ရန်ကုန်တိုင်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်တွင် နေအိမ်၊ အဆောက်အအုံ ၂၉ လုံး သိမ်းဆည်းခံခဲ့ရပြီး အများဆုံး ချိပ်ပိတ်သိမ်းဆည်းခံခဲ့ရသော မြို့နယ်ဖြစ်သည်။

စစ်အာဏာသိမ်းပြီးနောက်ပိုင်းမှ ၂၀၂၂ ခုနှစ်၊ မေ ၂၀ ရက်အထိ ချိပ်ပိတ်သိမ်းဆည်းခံခဲ့ရသော နေအိမ်၊ အဆောက်အအုံများအနက် အများဆုံးမှာ စစ်ကိုင်းတိုင်းမှဖြစ်ပြီး **၁၅၉ လုံး** ထက်မနည်း ချိပ်ပိတ်သိမ်းဆည်းခြင်းခံခဲ့ရသည်။ ရန်ကုန်တိုင်းတွင် **၁၂၂ လုံး**၊ မန္တလေးတိုင်းတွင် **၈၈ လုံး**၊ မကွေးတိုင်းတွင် **၄၈ လုံး**၊ ဧရာဝတီတိုင်းတွင် **၄၇ လုံး**၊ ပဲခူးတိုင်းတွင် **၃၃ လုံး** ထက်မနည်း ချိပ်ပိတ်ခံခဲ့ရသည်။ ထို့အပြင် ချင်းပြည်နယ်၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်၊ တနင်္သာရီတိုင်းနှင့် နေပြည်တော်ကောင်စီ တို့တွင်လည်း စုစုပေါင်း **၈၄ လုံး** ထက်မနည်း သိမ်းဆည်းခြင်းခံခဲ့ရသည်။ မည်သည့်မြို့နယ်တွင် သိမ်းဆည်းခံရကြောင်း အတည်မပြုနိုင်သော နေအိမ်၊ အဆောက်အအုံ **၂၅ လုံး** ရှိသည်။

**ချိပ်ပိတ်ခံရသော နေအိမ်၊ အဆောက်အအုံ အရေအတွက်**

- ၃၀ လုံးနှင့်အောက်
- ၂၀ လုံးနှင့်အောက်
- ၁၀ လုံးနှင့်အောက်
- ငါးလုံးနှင့်အောက်
- တလုံးနှင့်အထက်

ရည်ညွှန်း - မီဒီယာများနှင့် လွတ်လပ်သောအဖွဲ့အစည်းများ၏ ဖော်ပြချက်များကို အခြေပြု၍ ပြုစုထားခြင်းဖြစ်သည်။ မြေပြင်အခြေအနေတွင် ယခုထက်ပိုမို များပြားနိုင်ပါသည်။

## အရပ်သားများ၏ ပိုင်ဆိုင်မှုများ အများဆုံးချိပ်ပိတ်သိမ်းဆည်းခြင်းခံခဲ့ရ

(၂၀၂၂ ခုနှစ်၊ မေ ၂၀ ရက်အထိဖြစ်သည်)




စစ်အာဏာသိမ်းပြီးနောက်ပိုင်း ချိပ်ပိတ်သိမ်းဆည်းခြင်းခံခဲ့ရသော နေအိမ်နှင့် အဆောက်အအုံများအနက် **၆၃ ဒသမ ၇ ရာခိုင်နှုန်း (၃၇၃ လုံး)** မှာ သာမန်အရပ်သားများ၏ ပိုင်ဆိုင်မှုများဖြစ်ပြီး ရာခိုင်နှုန်းအများဆုံး ချိပ်ပိတ်သိမ်းဆည်း ခံခဲ့ရခြင်းဖြစ်သည်။ **၂၅ ရာခိုင်နှုန်း (၁၄၇ လုံး)** သည် လွှတ်တော်ကိုယ်စားလှယ်များ၏ ပိုင်ဆိုင်မှုဖြစ်ပြီး ဒုတိယအများဆုံးဖြစ်ကာ၊ **၁၁ ဒသမ ၃ ရာခိုင်နှုန်း (၆၆ လုံး)** မှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီဝင်များနှင့် ပါတီ၏ ပိုင်ဆိုင်မှုများဖြစ်သည်။

ရည်ညွှန်း - မီဒီယာများနှင့် လွတ်လပ်သောအဖွဲ့အစည်းများ၏ ဖော်ပြချက်များကို အခြေပြု၍ ပြုစုထားခြင်းဖြစ်သည်။ မြေပြင်အခြေအနေတွင် ယခုထက်ပိုမို များပြားနိုင်ပါသည်။

## NUG/CRPH/PDF များနှင့်ပတ်သက်၍ အများဆုံးချိပ်ပိတ်သိမ်းဆည်းခြင်းခံခဲ့ရ

(၂၀၂၂ ခုနှစ်၊ မေ ၂၀ ရက်အထိဖြစ်သည်)




စစ်အာဏာသိမ်းပြီးနောက်ပိုင်း ချိပ်ပိတ်သိမ်းဆည်းခြင်းခံခဲ့ရသော နေအိမ်၊ အဆောက်အအုံများအနက် NUG/CRPH/PDF များနှင့် ဆက်စပ်သည့် အကြောင်းပြချက်ဖြင့် ချိပ်ပိတ်သိမ်းဆည်းမှု စုစုပေါင်း **၃၃၄ လုံး** ထက်မနည်းရှိခဲ့ပြီး အများဆုံးဖြစ်သည်။ ထို့အပြင် ဆန္ဒပြမှုများနှင့်ဆက်စပ်၍ **၁၈ လုံး**၊ ဗုံးပေါက်ကွဲမှုများနှင့်ဆက်စပ်၍ **၁၃ လုံး** အပြင် CDM လှုပ်ရှားမှုများနှင့်ဆက်စပ်၍ **၉ လုံး** ချိပ်ပိတ်သိမ်းဆည်းခြင်းခံခဲ့ရသည်။ အကြောင်းအရင်းအတိအကျ မသိရှိရဘဲ ချိပ်ပိတ်သိမ်းဆည်းခြင်းခံခဲ့ရသည့် အရေအတွက် **၂၀၂ လုံး** ထက်မနည်း ရှိခဲ့ပါသည်။

ရည်ညွှန်း - မီဒီယာများနှင့် လွတ်လပ်သောအဖွဲ့အစည်းများ၏ ဖော်ပြချက်များကို အခြေပြု၍ ပြုစုထားခြင်းဖြစ်သည်။ မြေပြင်အခြေအနေတွင် ယခုထက်ပိုမို များပြားနိုင်ပါသည်။